# ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ကိုးလတာကာလ စီးပွားရေးအခြေအနေတင်ပြချက်

## လုပ်ငန်းစု၏ ထင်ရှားသော လုပ်ဆောင်ချက်များ

- ထိုင်းနိုင်ငံ နှင့် ဗီယက်နမ် နှစ်နိုင်ငံတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် (၁၉) ကန့်သတ်ချက်များ ဖြေလျော့ပြီး ပြည်ဝင်ခွင့် ပြန်လည် ဖွင့်လှစ်ပြီးချိန်တွင်၊ ရောင်းအားသည် ယခင်နှစ်နှင့်ယှဉ်လျှင် ဘတ်ငွေ ၂၀၇, ၉၂၂ သန်း အထိ တိုးလာခဲ့ပြီး၊ ၈.၂ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သည်။
- အရက်၊ ဘီယာ မဟုတ်သော ဖျော်ရည်နှင့် စားသောက်ကုန် လုပ်ငန်းများ၊ EBITDA1 မှ အားရကျေနပ် ဖွယ်ရာ ပံ့ပိုးမှုကြောင့် EBITDA ဝင်ငွေ တိုးတက်မှု ရာခိုင်နှုန်းသည်၊ ကာလတူ တစ်နှစ်တာ ဘဏ္ဍာရေး နှိုင်းယှဉ်ချက် အရ ၆.၇ ရာခိုင်နှုန်း၊ ဘတ်ငွေ ၃၉,၁၁၀ သန်းအထိ တိုးလာပြီး အမြတ်ဝင်ငွေလည်း တိုးတက်ခဲ့ပါသည်။
- လွတ်လပ်ပြီးအားကောင်းသည့် ငွေကြေးစီးဆင်းမှုဖြင့် လုပ်ငန်းစုအရင်းအနှီးကို ကြွေးမြီ အပေါ်မှီခိုမှု နည်းနည်းဖြင့် ဆက်လက်ဆောင်ရွက်ကာ ဘဏ္ဍာရေးဆိုင်ရာ ကြံ့ကြံ့ခံနိုင်ရည်ရှိသော အနေအထားကို ရောက်ရှိခြင်း။

**၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၁၁ရက်နေ့၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့။** ။ ထိုင်းအဖျော်ယမကာ အများပိုင် ကုမ္ပဏီ လီမိတက် ("ထိုင်းအဖျော်ယမကာအုပ်စု"၊ သို့မဟုတ် “လုပ်ငန်းစု”) ၏ အုပ်ချုပ်မှုဒါရိုက်တာ အဖွဲ့ အနေဖြင့် (၂၀၂၂) ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ကိုးလတာကာလအတွင်း၏ ရလာဒ်များကို ဖော်ပြလိုပါသည်။

## စီးပွားရေးကဏ္ဍ

*(Million Baht)*

| 9M22 | SPIRITS | BEER | NAB | FOOD | ELIMINATE | THAIBEV |
|---|---|---|---|---|---|---|
| Sales Revenue | 90,648 | 92,573 | 12,826 | 11,990 | (115) | 207,922 |
| *Changes YoY* | *-1.1%* | *15.3%* | *9.7%* | *38.6%* | | *8.2%* |
| **EBITDA** | **22,369** | **13,446** | **1,717** | **1,578** | **-** | **39,110** |
| *Changes YoY* | *-5.2%* | *26.5%* | *5.4%* | *104.1%* | | *6.7%* |

| 9M21 | SPIRITS | BEER | NAB | FOOD | ELIMINATE | THAIBEV |
|---|---|---|---|---|---|---|
| Sales Revenue | 91,630 | 80,265 | 11,688 | 8,649 | (112) | 192,120 |
| EBITDA | 23,605 | 10,631 | 1,629 | 773 | - | 36,638 |

1. အတိုး၊ အခွန်နှုန်းနှင့် တန်ဖိုးလျော့ခြင်းများမပြုလုပ်ရသေးသော လုပ်ငန်းလည်ပတ်မှုများမှ ရရှိငွေ

**ယမကာ** - (၂၀၂၂) ခုနှစ်၊ ပထမကိုးလအတွင်း ယမကာလုပ်ငန်းအနေ၏ အရောင်းပမာဏသည် ဝ.ဝ၂ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့ပြီး၊ ရောင်းရအမြတ်ငွေမှာ ဘတ် ၉၀,၆၄၈ သန်းဖြင့် ၁.၁ ရာခိုင်နှုန်းခန့် လျော့နည်း သွားကြောင်း မှတ်တမ်းတင် ထားပါသည်။ ထုပ်ပိုးမှု ကုန်ကျစရိတ်များ တိုးလာခြင်းနှင့် မြန်မာကျပ်ငွေ ကျဆင်းခြင်း တို့ကြောင့် ၂၀၂၂ ခုနှစ် တတိယလပတ်တွင် တင်လဲရည် ကုန်ကျစရိတ် စတင် ကျဆင်း လာသော်လည်း ကာလတူ တစ်နှစ်တာ ဘဏ္ဍာရေးမှတ်တမ်းနှင့် နှိုင်းယှဉ်ပါက (EBITDA) သည် ဘတ်ငွေ (၂၂၃၆၉) သန်းဖြင့် ၅.၂ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါသည်။ သို့ရာတွင် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ရက် နေ့မှစတင်ကာ ဖျော်ဖြေတင်ဆက်မှုများ ကျင်းပနိုင်သည့်နေရာများ ပြန်လည် ဖွင့်လှစ်ခွင့် ပြုပေးခြင်းဖြင့် ထိုင်းနိုင်ငံရှိ အရက်ယမကာ၊ အထူးသဖြင့် အညိုရောင်ရှိသော ယမကာများ သောက်သုံးမှုတဖန် တိုးတက်လာ စေပါသည်။

**ဘီယာ** - ဘီယာလုပ်ငန်းအုပ်စု၏ ရောင်းအားသည် ကိုးလအတွင်း ယခင်နှစ်နှင့်ယှဉ်လျှင် ဘတ်ငွေ ၉၂,၅၇၃ သန်း ဖြင့် ၁၅.၃ ရာခိုင်နှုန်း တိုးတက်ကာ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများ၌ ဈေးနှုန်းမြင့်တက်လာမှုများ ဖြစ်ပေါ်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည်လည်း ပြန်လည် ကောင်းမွန်လာလျက် ရှိပါသည်။ အထူးသဖြင့် SABECO ၏ သတ်မှတ် အရောင်းပမာဏ မြင့်တက်လာသည့် အလျောက် နှစ်စဉ် စုစုပေါင်း ရောင်းရငွေပမာဏ ရာခိုင်နှုန်းသည်လည်း ၆

ရာခိုင်နှုန်းခန့်အထိ တိုးတက်လာခဲ့ပါသည်။ ဘီယာလုပ်ငန်းမှ EBITDA တန်ဖိုး ၂၆.၅ ရာခိုင်နှုန်းနှင့် ဘတ်ငွေ ၁၃ ၄၄၆ သန်းအထိ ရှိခဲ့ပြီး ရောင်းအားပမာဏ မြင့်မားလာမှုအရ ထုတ်ကုန်ရောစပ်မှု၊ ဈေးနှုန်း နှင့် ငွေကြေး ထိန်းချုပ် ဆောင်ရွက်မှု များလည်း ကောင်းမွန် လာခဲ့ပါသည်။

**<u>ယမကာမဟုတ်သော ဖျော်ရည်များ</u> -** ယမကာမဟုတ်သော ဖျော်ရည် လုပ်ငန်းစုသည် နှစ်စဉ်တန်ဖိုး ၉.၇ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ပြီး ကိုးလအတွင်း ရောင်းရဝင်ငွေသည် ဘတ် ၁၂,၈၂၆ သန်း အထိ ရရှိခဲ့သည်။ အဓိကအားဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေး ပြန်လည် ဦးမော့လာချိန်တွင် အရောင်းပမာဏ သည် ၈.၄ ရာခိုင်နှုန်း အထိ တိုးတက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ EBITDA သည်လည်း ဘတ် ၁,၇၁၇ သန်းဖြင့် ၅.၄ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့သည်။

**<u>စားသောက်ကုန်</u> -** ၂၀၂၂ ခုနှစ်၊ ကိုးလတာကာလ အတွင်း စားသောက်ကုန်လုပ်ငန်းမှ ရောင်းရဝင်ငွေသည် ဘတ်ငွေ ၁၁,၉၀၀ သန်း ဖြင့် ၃၈.၆ ရာခိုင်နှုန်း တိုးပွားလာသည့်အပြင် ၎င်း၏ ထုတ်ကုန် အမှတ်တံဆိပ်၏ ဈေးကွက်ထိုးဖောက်နိုင်စွမ်းနှင့် သုံးစွဲခွင့်ရရှိမှုကို ပိုမိုများပြားလာစေရန် အစုစပ်လုပ်ငန်းအုပ်စုများနှင့်အတူ ချိတ်ဆက်ထားသည့် စားသောက်ဆိုင်များသို့ သွားရောက်စားသောက်မှုများ ပြန်လည်အသက်ဝင်လာသည့် အတွက်ကြောင့်ဟု ဆိုရမည်ဖြစ်သည်။ စားသောက်ဆိုင်များနှင့် ၎င်းတို့၏ ရင်းနှီးမြုပ်နှံမှုအားဖြင့် လုပ်ငန်းလည် ပတ်မှုဆိုင်ရာ အကျိုးဖြစ်ထွန်းစေမှုကို တိုးတက်ကောင်းမွန်လာစေရန် အားထုတ်ကြိုးပမ်းမှု ရလဒ်များကြောင့် စားသောက်ကုန်လုပ်ငန်းများ၏ EBITDA သည် ဘတ်ငွေ ၁,၅၇၈ သန်းအထိ သင့်တင့်သော ပမာဏ ရရှိခဲ့ပြီး ကာလတူ တစ်နှစ်တာ ဘဏ္ဍာရေး အခြေအနေ နှိုင်းယှဉ်ချက်သည် ၁၀၄.၁ ရာခိုင်နှုန်းကျော် ဖြစ်ပါသည်။

## ဘဏ္ဍာရေးအခြေအနေ တင်ပြချက်

*(Million Baht)*

| BALANCE SHEET | 30-Sep-21 | 30-Jun-22 | *Changes* |
|---|---|---|---|
| **TOTAL ASSETS** | **472,585** | **489,756** | **17,171** |
| Current assets | 95,266 | 105,356 | 10,090 |
| Non-current assets | 377,319 | 384,400 | 7,081 |
| **TOTAL LIABILITIES** | **262,409** | **259,608** | **(2,801)** |
| Current liabilities | 95,443 | 80,150 | (15,293) |
| Non-current liabilities | 166,966 | 179,458 | 12,492 |
| **TOTAL SHAREHOLDER'S EQUITY** | **210,176** | **230,148** | **19,972** |
| Total equity | 210,176 | 230,148 | 19,972 |

*(Million Baht)*

| INTEREST BEARING DEBT (From Bank Loans and Debentures) | 30-Sep-21 | 30-Jun-22 | *Changes* |
|---|---|---|---|
| Interest Bearing Debt for Normal Operation | | | |
| Current | 67,496 | 48,986 | (18,510) |
| Non-current | 151,794 | 163,077 | 11,283 |
| **Total Interest Bearing Debt for Normal Operation** | **219,290** | **212,063** | **(7,227)** |
| Cash and Cash Equivalents | 38,293 | 48,010 | 9,717 |
| **Net Interest Bearing Debt** | **180,997** | **164,053** | **(16,944)** |

*(Million Baht)*

| INTEREST BEARING DEBT (From Bank Loans and Debentures) | 30-Jun-22 |
|---|---|
| Within one year (Jun 2023) | 48,986 |
| After one year but within five years (Jun 2027) | 114,875 |
| After five years | 48,202 |
| **Total** | **212,063** |

| FINANCIAL RATIOS | 30-Sep-21 | 30-Jun-22 |
|---|---|---|
| Net Interest Bearing Debt to Equity Ratio (times) | 0.86 | 0.71 |
| Net Interest Bearing Debt to EBITDA Ratio (times) (LTM) | 3.88 | 3.30 |

*(Million Baht)*

| CASH FLOW STATEMENT | 9M22 *Ended 30 Jun 22* |
|---|---|
| Net cash from operating activities | 34,894 |
| Net cash from (used in) investing activities | (5,403) |
| Net cash from (used in) financing activities | (24,138) |
| Increase (decrease) in cash and cash equivalents | 5,353 |
| Adjustment from financial statement translation | (367) |
| Net increase (decrease) in cash at financial institutions | 4,731 |
| Net increase (decrease) in cash and cash at financial institutions | 9,717 |
| Cash and cash at financial institutions at beginning of period | 38,293 |
| **Cash and cash at financial institutions at end of period** | **48,010** |

## ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ အထိ ကိုးလတာကာလအတွင်း စာရင်းအင်းစစ်ဆေးမှုမပြုလုပ်မီ ရလာဒ်များ

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ အနေဖြင့် အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံမည့်သူများအား လက်ရှိစီးပွားရေး အခြေအနေများအပေါ် အစုစပ်ကုမ္ပဏီများ၏ အတွင်းပိုင်းမှတ်တမ်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကောင့်များ အပေါ် အခြေခံကာ ပြင်ဆင်ထားခြင်းဖြစ်ပြီး ပြင်ပစာရင်းစစ်အဖွဲ့အစည်းများမှ စီစစ်ခြင်း သို့မဟုတ် သုံးသပ်ခြင်း မလုပ်ရသေးကြောင်း အသိပေးအပ်ပါသည်။

အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများသည် လုပ်ငန်း၏ စီးပွားရေးအခြေအနေတင်ပြချက် အပေါ် လွန်ကဲစွာ မှီခိုအားထားမှုမပြုရန်နှင့် ထိုင်းအဖျော်ယမကာအုပ်စု၏ ရှယ်ယာများနှင့် အခြားငွေကြေးဆိုင်ရာ များ ကိုင်တွယ်ရာတွင် အထူး သတိပြုစေလိုပါသည်။